## တရုတ်နှင့်ကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံကျော် ကျဆင်း

(အောက်တိုဘာလမှ မတ်လအထိ ကာလတူနှိုင်းယှဉ်ထားခြင်း ဖြစ်သည်။)




စစ်ကောင်စီက မီနီဘတ်ဂျက်အဖြစ် သတ်မှတ်ထားသည့် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ မြန်မာနိုင်ငံနှင့်ထိပ်တန်းကုန်သွယ်ဖက်ငါးနိုင်ငံအကြား ကုန်သွယ်မှုတန်ဖိုး **အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၇ ဘီလီယံကျော်**ရှိခဲ့သည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်နှင့် ကာလတူနှိုင်းယှဉ်ကြည့်ပါက ကုန်သွယ်မှုတန်ဖိုး **သန်း ၁၆၀ ကျော်** လျော့နည်းခဲ့သည်။ မီနီဘတ်ဂျက်ကာလအတွင်း တရုတ်နှင့်ကုန်သွယ်မှုတန်ဖိုးမှာလည်း **အမေရိကန်ဒေါ်လာ ၄ ဒသမ ၂ ဘီလီယံကျော်**ရှိခဲ့သည်။ ကာလတူနှိုင်းယှဉ်ကြည့်ပါက တရုတ်နှင့်ကုန်သွယ်မှုမှာ **အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံကျော်** ကျဆင်းခဲ့ပါသည်။ ဂျပန်သည်လည်း ကုန်သွယ်မှုတန်ဖိုး **အမေရိကန်ဒေါ်လာ သန်း ၃၀ ကျော်** လျော့နည်းသွားသည်ကို တွေ့ရသည်။ သို့သော် ထိုင်း၊ စင်ကာပူ၊ အိန္ဒိယတို့နှင့် ကုန်သွယ်မှုအား ကာလတူနှိုင်းယှဉ်ရာတွင် **အမေရိကန်ဒေါ်လာ သန်း ၅၂၀ ကျော်၊ သန်း ၃၀၀ နီးပါး၊ သန်း ၁၁၀ ကျော်** အသီးသီးမြင့်တက်လာခဲ့သည်ကို တွေ့ရသည်။

ရင်းမြစ်- စစ်ကောင်စီ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

## အာဆီယံနှင့် ကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၆ ဒသမ ၈ ဘီလီယံကျော်ရှိ

(၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လ အထိ)




စစ်ကောင်စီက မီနီဘတ်ဂျက်အဖြစ် သတ်မှတ်ထားသည့် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ မြန်မာနိုင်ငံနှင့် ဒေသတွင်းအစုအဖွဲ့များဖြစ်သည့် အာဆီယံ (ASEAN)၊ အီးယူ (EU)၊ QUAD၊ AUKUS များ၏ ကုန်သွယ်မှုကိုလေ့လာကြည့်ပါက အာဆီယံသည် **အမေရိကန်ဒေါ်လာ ၆ ဒသမ ၈ ဘီလီယံကျော်**ဖြင့်အများဆုံးဖြစ်သည်။ အစုအဖွဲ့များတွင် မပါဝင်သည့် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံးကုန်သွယ်ဖက်ဖြစ်ပြီး **၄ ဒသမ ၃ ဘီလီယံနီးပါး** ကုန်သွယ်ခဲ့သည်။ ထို့အပြင် QUAD နှင့် ကုန်သွယ်မှုသည် **အမေရိကန်ဒေါ်လာ နှစ်ဘီလီယံကျော်**ရှိပြီး၊ အီးယူ (EU) နှင့် ကုန်သွယ်မှုပမာဏသည် **အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံကျော်** ရှိခဲ့သည်။ EU သည် QUAD ထက် ကုန်သွယ်မှုပမာဏ **အမေရိကန်ဒေါ်လာ သန်း ၃၀၀ နီးပါး** လျော့နည်းသည်ကို တွေ့ရသည်။ AUKUS အဖွဲ့မှာမူ **အမေရိကန်ဒေါ်လာသန်း ၈၀၀ နီးပါး**ဖြင့် ဒေသတွင်းအစုအဖွဲ့များတွင် အနည်းဆုံးဖြစ်သည်။

ရင်းမြစ်- စစ်ကောင်စီ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

*တရုတ်သည် မြန်မာနိုင်ငံ၏ အကြီးမားဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်သည့်အတွက် နှိုင်းယှဉ်လေ့လာနိုင်ရန် ထည့်သွင်းထားခြင်း ဖြစ်ပါသည်။

**QUAD တွင် အမေရိကန်၊ ဩစတေးလျ၊ ဂျပန်နှင့် အိန္ဒိယတို့ ပါဝင်သည်။

***AUKUS တွင် အမေရိကန်၊ ဗြိတိန်နှင့် ဩစတေးလျတို့ ပါဝင်သည်။

## ထိုင်းနှင့် ကုန်သွယ်မှု အမေရိကန်ဒေါ်လာ သန်း ၅၂၀ ကျော်တက်လာ

(၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လ အထိ)




စစ်ကောင်စီက မီနီဘတ်ဂျက်အဖြစ် သတ်မှတ်ထားသည့် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအတွင်း အာဆီယံ (ASEAN) အဖွဲ့ဝင်နိုင်ငံများနှင့် ကုန်သွယ်မှုသည် **အမေရိကန်ဒေါ်လာ ၆ ဒသမ ၈ ဘီလီယံကျော်** ရှိသည်။ ထိုင်းသည် **အမေရိကန်ဒေါ်လာ ၃ ဘီလီယံနီးပါး**နှင့် ကုန်သွယ်မှုပမာဏ အများဆုံးနေရာတွင် ရှိနေသည်။ ပြီးခဲ့သည့် ဘဏ္ဍာနှစ်နှင့် ကာလတူနှိုင်းယှဉ်ပါက ထိုင်းနှင့်ကုန်သွယ်မှုသည် **အမေရိကန်ဒေါ်လာ သန်း ၅၂၀ ကျော်** တက်လာသည်။ စင်ကာပူနှင့်ကုန်သွယ်မှုသည် **အမေရိကန် ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံကျော်**ရှိပြီး ဒုတိယအများဆုံးဖြစ်သည်။ မလေးရှားနှင့် **အမေရိကန်ဒေါ်လာ ၉၂၁ သန်းကျော်**၊ အင်ဒိုနီးရှားနှင့် **အမေရိကန်ဒေါ်လာ ၆၆၄ သန်းကျော်**၊ ဗီယက်နမ်နှင့် **အမေရိကန်ဒေါ်လာ သန်း ၃၃၀ ကျော်**နှင့် ဖိလစ်ပိုင်နှင့် **အမေရိကန်ဒေါ်လာ ၁၇၈ သန်းကျော်** ကုန်သွယ်မှုရှိသည်ကိုတွေ့ရသည်။ ဘရူနိုင်းနှင့် ကမ္ဘောဒီးယားတို့သည် ကုန်သွယ်မှုတန်ဖိုး **အမေရိကန်ဒေါ်လာ ငါးသန်းကျော်**နှင့် **လေးသန်းကျော်သာ** ရှိနေပြီး လာအိုသည် **အမေရိကန်ဒေါ်လာ တစ်သောင်းခွဲ**ဖြင့် အာဆီယံနိုင်ငံများထဲတွင် ကုန်သွယ်မှုပမာဏ အနည်းဆုံးနိုင်ငံဖြစ်သည်။

ရင်းမြစ်- စစ်ကောင်စီ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

## မီနီဘတ်ဂျက်ကာလအတွင်း ကုန်သွယ်မှုတန်ဖိုး အမေရိကန် ဒေါ်လာ ၁၆ ဘီလီယံကျော်ရှိ




စစ်ကောင်စီ၏ မီနီဘတ်ဂျက်ကာလအတွင်း မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား စုစုပေါင်း ကုန်သွယ်မှုတန်ဖိုးသည် **အမေရိကန်ဒေါ်လာ ၁၆ ဘီလီယံကျော်** ရှိခဲ့သည်။ ပို့ကုန်တန်ဖိုး အနေဖြင့် **အမေရိကန်ဒေါ်လာ ၈ ဒသမ ၃ ဘီလီယံနီးပါး** တင်ပို့ခဲ့ပြီး သွင်းကုန် အနေဖြင့် **အမေရိကန်ဒေါ်လာ ၈ ဘီလီယံနီးပါး** တင်သွင်းခဲ့သည်။ ပို့ကုန်တန်ဖိုးသည် သွင်းကုန်တန်ဖိုးထက် **အမေရိကန်ဒေါ်လာ သန်း ၃၀၀ ကျော်** များပြားနေသည်ကို တွေ့ရသည်။ ပြီးခဲ့သည့် ၂၀၂၀ ခုနှစ် အောက်တိုဘာလမှ ၂၀၂၁ ခုနှစ် မတ်လအထိ ကာလတူ နှိုင်းယှဉ်ကြည့်ပါက ပို့ကုန်တန်ဖိုးသည် **အမေရိကန်ဒေါ်လာ သန်း ၄၅၀ ကျော်** မြင့်တက်လာခဲ့ပြီး သွင်းကုန်တန်ဖိုးသည်လည်း **သန်း ၁၇၀ ကျော်** မြင့်တက်လာခဲ့သည်ကို တွေ့ရသည်။

ရင်းမြစ်- စစ်ကောင်စီ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန